# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 3, 2020 Volume 28, Number 1


### ၃.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၈၀/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၈/- ကျပ် |
| CBM Rate | = ၁၄၅၇.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၂.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၆၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၀.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၄.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၇.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၄.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၈၅၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်း အခမ်းအနားကျင်းပ



ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအခမ်းအနားကို ၃၁.၁.၂၀၂၀ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ကျင်းပသည်။ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြသည့်အခက်အခဲများကို Public-Private Dialogue ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း မူဘောင်နှင့်လုပ်ငန်းစီမံချက်၏ (ကာလတို/ ကာလလတ်/ ကာလရှည်) လုပ်ငန်းများအား အကောင်အထည် ဖော်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီရှိ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီက ဦးဆောင်ကြီးကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏အကူအညီဖြင့် Export Development Board တည်ထောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသား

ပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနက EU အထောက်အပံ့ဖြင့်ဆောင်ရွက်မည့် Arise Plus စီမံကိန်း အစီအစဉ်နှင့်ချိတ်ဆက်ပြီး ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှု ကဏ္ဍနှင့် ပျားရည်ကဏ္ဍတို့၏ Value Chain Analysis များပြုလုပ်ခြင်းနှင့် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ ဖော်ထုတ် ချမှတ်ခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ရေးဆွဲရေးနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ဒီဇိုင်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေး မြှင့်တင်ရေးလုပ်ငန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေးကော်မတီ ဝင်များက ကဏ္ဍအလိုက်အကြံပြုဆွေးနွေးကြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2490031364570690?__tn__=K-R

## မူဆယ်နယ်စပ်တွင် လက်ရှိဖြစ်ပေါ်နေသော ဖရဲ သခွား ကုန်သွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင်ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေသော ဖရဲ/သခွားမွေး၊ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှု တုံ့ဆိုင်းနေသည့်အပေါ် ဖရဲ/သခွားစိုက်တောင်သူများ၊ လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများ အဆင်ပြေစေရေးနှင့် နစ်နာဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်ဆောင်ရွက်ရမည့် အစီအစဉ်များကို ၁.၂.၂၀၂၀ ရက်နေ့ နံနက် ၁၀ နာရီက မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)တွင် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဖရဲ/ သခွားမွေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအအေးပေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ကြ သည်။

ညှိနှိုင်းအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ဈေးကွက် တုံ့ဆိုင်းမှုကြောင့် ဖရဲ/သခွားမွေးထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေးနှင့် ပြည်ပဈေးကွက် တိုးမြှင့် တင်ပို့နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးက သွေးချင်းတို့ရဲ့ပွဲတော်ကာလအတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချရေး၊ မြေပဒေသာကျွန်းတွင် ဖရဲ/သခွားပွဲတော်ကျင်းပရေး၊ တည့်င်းကုန်းလက်ကားဈေးတွင် သယ်ယူ ရောင်းဝယ်ရန်နေရာ စီစဉ်ဆောင်ရွက်ပေးရေး၊ ရွှေပိတောက်ငါးဈေး(လှိုင်မြို့နယ်)တွင် သယ်ယူပို့ဆောင်ရောင်းဝယ်ရန် နေရာစီစဉ်ပေးရေး၊ ရတနာသီရိကုန်စိမ်းဈေး (ထောက်ကြံ့)အပေါ်ထပ်တွင် ရောင်းချရန်နေရာစီစဉ်ပေးရေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ဈေးများအတွင်းရရှိနိုင်မည့်နေရာများတွင် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရေး၊ Door to Door Service စနစ်ဖြင့် ရန်ကုန်မြို့တွင်းလှည့်လည်ရောင်းချရန် စီစဉ်ဆောင်ရွက် ပေးရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဘုရင့်နောင်ကုန်စည်ဒိုင်၊ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အုပ်စု(၁၁) သိုလှောင်ရုံနှင့်ကြက်ဘဲဈေးအနီး မြန်မာ့ဂုဏ်ရောင်လမ်းမပေါ်ရှိ ကုန်သွယ်ရေးဦးစီးဌာနပိုင် တစ်ကေခန့်ဝင်းအတွင်း ယာယီဆိုင်ခန်းဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်မည့် အစီအစဉ်များအနေဖြင့် ပြည်ပတင်ပို့ရန် အရည်အသွေးမီ ဖရဲ၊ သခွားပို့ကုန်များ ထုတ်လုပ်တင်ပို့မည့်လုပ်ငန်းရှင်များက ကုန်စည်သတင်းအချက်အလက်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ပေးပို့ပြီး စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ချိတ်ဆက်ပေးခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် လိုအပ်သည့်ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊ သီးနှံများ ထိန်းသိမ်းသိုလှောင်ရာတွင် မဖြစ်မနေလိုအပ်သည့် Cold Chain ပါဝင်သည့် Logistic Hub များ ပေါ်ထွန်းရေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2490031364570690?__tn__=K-R

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်လာနိုင်သော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာ့ပို့ကုန်များကို ပင်လယ်ရေကြောင်းနှင့်လေကြောင်းမှတိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်နေဟု ဒုတိယဝန်ကြီးပြောကြား



တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်လာနိုင်သော မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပို့ကုန်များကို ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ဒီဇင်ဘာ ၃၁ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပထမအဆင့်ကတော့ ရောဂါပိုးကိုမရောက်လာအောင်လို့ ကျွန်တော်တို့ရဲ့နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို သေချာဂရုစိုက်ပြီးတော့ဆောင်ရွက်ဖို့ ကျွန်တော်တို့ညွှန်ကြားထားပါတယ်။ ကာကွယ်ရေးပစ္စည်း တွေလည်း ထောက်ပံ့ပြီးတဲ့အခါကျတော့ ကာကွယ်ရေးပစ္စည်းဆိုတာ လက်အိတ်၊ Mask တို့ ဒါတွေထောက်ပံ့ပြီးတဲ့ အခါကျတော့ ကာကွယ်နိုင်ဖို့ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အခုပြောနိုင်တဲ့ အချက်ကတော့ ဘာမှမပြောနိုင်သေးတာပါပဲ။ ဒီရောဂါက ဘယ်လောက်ထိ သက်ရောက်လာမလဲဆိုတာ ကျွန်တော်တို့အနေနဲ့ ခန့်မှန်းလို့မရသေးပါဘူး။ တစ်ဖက်ကတော့ ပို့ကုန်ကိစ္စနဲ့ ပတ်သက်ပြီးတော့ တရုတ်နိုင်ငံအပြင် တခြားနိုင်ငံတွေကိုပါ တိုးချဲ့တင်ပို့နိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ဦးစားပေးစီစဉ် ဆောင်ရွက်သွားပါမယ်။ ကုန်းလမ်းခရီး နယ်စပ်ကုန်သွယ်ရေးကနေမှ ပင်လယ်ရေကြောင်းကနေ ကုန်သွယ်မှု၊ လေကြောင်းနဲ့ ကုန်သွယ်မှုအပိုင်းတွေကို ပိုတိုးချဲ့နိုင်အောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်သွားဖို့ အစီအစဉ်များချမှတ်လျက်ရှိပါတယ်" ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မြန်မာ- တရုတ်နယ်စပ်ကုန်သွယ်ရေးအား ပုံမှန် တရုတ်နှစ်သစ်ကူး ပိတ်ရက်အပြင် ဖေဖော်ဝါရီလဆန်းပိုင်းအထိ ပိတ်ရက်ထပ်မံတိုးချဲ့ခဲ့ကြောင်း၊ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးကို ကြီးမားသည့် ထိခိုက်မှုမရှိသေးသော်လည်း ယင်းဖြစ်စဉ်များကြောင့် ထပ်မံထိခိုက်လာနိုင်သော အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေကြောင်းသိရသည်။ " ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီးတော့ ဒါကတော့ တရုတ်နှစ်သစ်ကူးအချိန်မှာ ဖြစ်သွားတာပေါ့လေ။ ဖြစ်သွားတဲ့အခါကျတော့ လောလောဆယ်တော့ ကျွန်တော်တို့အနေနဲ့ သိပ်ပြီးသိသာတဲ့ အနေအထားတော့ မရှိသေး

ပါဘူး။ သူတို့ရဲ့ တရုတ်နှစ်သစ်ကူးပိတ်ရက်က ၂၇ ရက်၊ ၂၈ ရက် ဒီလအထိကို လုပ်ပါတယ်။ အခု ဒီကိုရိုနာဗိုင်းရပ်စ် သူတို့က ဖေဖော်ဝါရီ ၃ ရက် ၄ ရက်လောက်ထိကို ပိတ်ရက်ကို တိုးလိုက်ပါတယ်။ အဲဒီတော့ လောလောဆယ်မှာတော့ ကျွန်တော်တို့ရဲ့ ပို့ကုန်သွင်းကုန်တွေ ထိခိုက်မှုမရှိသေးဘူးလို့ ဒါဆိုနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီသက်ရောက်မှုက ဝင်လာမယ့်သဘောရှိပါတယ်" ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ တရုတ်နိုင်ငံမှ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အရေးပေါ်အခြေအနေနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ကန့်သတ်ထားမှုကြောင့် မြန်မာနိုင်ငံဘက်မှ သစ်သီးဝလံများတင်ပို့ရောင်းချမှုနှင့် ဝယ်ယူမှုဈေးကွက်၌ အခက်အခဲဖြစ်ပေါ်နေကြောင်း သစ်သီးဝလံကုန်စည်ဒိုင်၊ မူဆယ် (၁၀၅) မိုင်၊ ကုန်သွယ်ရေးဇုန်က ဇန်နဝါရီ ၂၇ ရက်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဝူဟန်ဒေသမှ အစပြုသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံအတွင်း အရေးပေါ်အခြေအနေနှင့် လူစုလူဝေး၊ ပျော်ပွဲရွှင်ပွဲ၊ ခရီးသွားလာမှုလမ်းကြောင်းများကို တရုတ်နိုင်ငံအစိုးရမှ ကန့်သတ်ထားကြောင်း သိရသည်။ " အခြေအနေကတော့ ဒီရောဂါကြောင့် တရုတ်ဘက်မှာ တော်တော်များများ Shut Down ဖြစ်သွားတော့ တရုတ်တွေ တော်တော်များများက အဝင်အထွက်မရှိတော့ဘူး။ တရုတ်ဘက်က အသီးမကောင်းလို့၊ အရည်အသွေးမကောင်းလို့၊ နှစ်ကူးကြောင့်မို့ မဝယ်တာမဟုတ်ဘူး။ အဲဒီပြဿနာရှိလို့ မဝယ်ကြတာ။ သူတို့က ဝယ်ပြီးသွားရင်တောင် ဘယ်မှာသွားရောင်းလို့ ရောင်းရမယ် မှန်းမသိကြဘူး။ ဒီနေ့ဆိုရင် သူတို့ပြောတာရှင်းတယ်။ မင်းငါ့ကို အလကားပေးသွားရင်တောင် ငါဘယ်နားသွားရမယ်မှန်း မသိဘူး။ အဲဒီလိုကိုဖြစ်နေတာ" ဟု ခွာညိုသစ်သီးပွဲရုံမှ ဒါရိုက်တာ ကိုစိုင်းမင်းသူနိုင်ကပြောကြားသည်။

**Source:** https://news-eleven.com/article/157416

## တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းတွင် မြန်မာဘက်မှရောင်းချထားသော ဖရဲသီးတန်ချိန် တစ်သောင်းကျော်ခန့်ထိ စုပြုံနေပြီး ရက်အနည်းငယ်အတွင်း ဈေးကွက်ပြန်လည်ရှင်သန်လာမည့်အချိန်အားမျှော်လင့်နေရ



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသထွက် ဖရဲ ၊ သခွားများအား မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် သစ်သီးဝလံဈေးကွက်တွင် အရောင်းအဝယ်ဖြစ်ပြီး တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးကွင်းသို့ ရောက်ရှိနေသည့် ဖရဲ၊ သခွားများသည် ဈေးကွက်မရှိဘဲ တန်ချိန် တစ်သောင်းဝန်းကျင်ခန့်ထိ စုပြုံနေပြီဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်နိုင်ငံအတွင်းတွင် တစ်မြို့နှင့် တစ်မြို့ ကူးသန်းသွားလာမှုမရှိသောကြောင့် ဝမ်တိန်သစ်သီးကွင်းအတွင်း ရောက်ရှိနေသော မြန်မာဘက်မှ ရောင်းချထားသည့် ဖရဲ၊ သခွားများဈေးကွက်မရှိဘဲ ဖြစ်နေကြောင်းသိရသည်။ "ဖရဲသခွားဈေးကွက်ကတော့ အရောင်းအဝယ်ကိုမဖြစ်ဘူး။ အသီးတွေ အရမ်းလှရင်တော့ တစ်စီးကို တစ်သောင်းခွဲလောက်ရတယ်။ ဂျပ်ဖာသီးကတော့ လုံးဝရောင်းလို့ မရဘူး။ အစွေ့မဲ့ပေါ့။ အခုတစ်သောင်းခွဲလောက်ရနေတဲ့အသီးတွေက အရင်ပုံမှန်ဈေးဆို ယွမ်ငါးသောင်း၊ခြောက်သောင်းလောက်ထိရတာပေါ့။ ဝမ်တိန်သစ်သီးကွင်းမှာလဲ ခြောက်ကပ်နေတာပဲ။သစ်သီးတွေကလည်း ဒီအတိုင်းပုံထားရတယ်။ ဝယ်လက်တွေမရှိဘူး။ ကုန်သည်တွေက ပိုပြီးတော့ အထိနာတာပေါ့။ ဝမ်တိန်သစ်သီးကွင်းမှာရောက်သွားတဲ့ သစ်သီးတွေက တချို့မြန်မာကုန်သည်တွေရဲ့ အသီးတွေလည်းပါတယ်။ တချို့တရုတ်ကုန်သည်တွေရဲ့ အသီးတွေလည်းပါတယ်။ အခုက မြန်မာသစ်သီးကွင်းထဲမှာ တချို့ မရောင်းရတော့ ဝမ်တိန်သစ်သီးကွင်းထဲထိ သစ်သီးတွေချပြီး ရောင်းလို့ရမယ့်အချိန်ကိုစောင့်နေကြတဲ့ သစ်သီးတွေလည်းပါတယ်" ဟု မူဆယ်၁၀၅ မိုင် နယ်စပ်ကုန် သွယ်ရေးဇုန်ရှိ ခွာညိုသစ်သီးပွဲရုံမှ စိုင်းဟာပစ်ကပြောကြားသည်။

တရုတ်နှစ်သစ်ကူး ပြီးဆုံးချိန်ကာလများတွင် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် တစ်ရက်လျှင်ပုံမှန်အားဖြင့် သစ်သီးကားစီးရေ ငါးရာကျော်ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ရမည်ဖြစ်သော်လည်း တရုတ်နိုင်ငံအတွင်းဖြစ်ပွားနေသော ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သစ်သီးအရောင်းအဝယ်ဈေးကွက်တွင် ဝယ်လက်မရှိသလောက်ဖြစ်နေသည်။

“အရင်က ဖရဲကားတစ်စီး ယွမ် ရှစ်သောင်းလောက်ရတဲ့ဟာ အခုယွမ်တစ်သောင်းနဲ့ရောင်းနေရ တယ်။ ဒါတောင် ဝယ်လက်က မရှိဘူး။တချို့လည်း မူဆယ်သစ်သီး ဈေးကွက်ထဲမှာ အရောင်းအဝယ်မဖြစ်တော့ ဝမ်တိန်ကွင်းထိဆင်းပြီး ရောင်းရမယ့်အချိန် စောင့်တယ်။ ဝမ်တိန်ကွင်းထဲက အသီးတွေကလည်း အလွန်ဆုံးအထားခံနိုင်ရင် ၁၀ ရက်လောက်ပဲ။ ဒါတောင် တစ်ဝက်လောက် က ပယ်သီးတွေဖြစ်မယ်။ တန်တစ်ရာထားရင် တန်ငါးဆယ်လောက်ပဲရမယ်။ ကျန်တာ စွန့်ပစ်သီးတွေပဲဖြစ်မယ်။ ၁၀ ရက်လောက်မှ တရုတ်ပြည်ထဲ ကူးလူးဖြတ်သန်းမှုတွေ မရသေးဘူးဆိုရင်တော့ ဝမ်တိန်မှာစောင့်နေတဲ့အသီးတွေကတော့ အားလုံးဆုံးရှုံးရမယ့်သဘောပေါ့” ဟု မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် သစ်သီးဝလံဈေးကွက်ရှိ သစ်သီးကုန်သည်တစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် မူဆယ် ၁၀၅ မိုင် သစ်သီးဝလံဈေးကွက်အတွင်းသို့ သစ်သီးတင်ယာဉ် ဖရဲ ငါးစီး သခွား ၂၁ စီး၊ ဖရုံ သုံးစီးဝင်ရောက်လာခဲ့ပြီး ဖရဲ ၃ စီး ၊ သခွား ၁၇ စီး ၊ ဖရုံ ၃ စီး စုစုပေါင်း ၂၃ စီး အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဈေးကွက်ပိတ်ချိန်တွင် ၆ စီးကျန်ခဲ့ကြောင်းသိရသည်။ “အရင်တုန်းကတော့ဒီအချိန်ဆို သစ်သီးကား တစ်ရက် တစ်ရက် စီးရေထောင်ချီနီးပါးဝင်တဲ့ အချိန်ပေါ့။ တရုတ်နှစ်သစ်ကူးပြီးရင် ဖရဲလှိုင်လှိုင်ပေါ်တဲ့အချိန်ပဲလေ။ အခုတော့ တရုတ်က ဝယ်လက်တွေကမလာနိုင်တဲ့ အခြေအနေဆိုတော့ တစ်ရက်ကို စီးရေ နှစ်ဆယ်၊ သုံးဆယ်လောက်ပဲ လာတော့တယ်။ ဒါတောင် အကုန်ရောင်းမကုန်ဘူး။ တချို့ အသီးတွေဆိုရင် မူဆယ်မြို့ထဲမှာ အခမဲ့ဝေနေတာတွေတောင်ရှိတယ်” ဟု မူဆယ်မြို့ သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်က ပြောကြားသည်။

မူဆယ်မြို့ သစ်သီးဝလံဈေးကွက်အတွင်း ရောင်းမကုန်သော ပုံမှန်အားဖြင့် တန်ဖိုးမြင့် ဂျပ်ဖာသီးများအား ပြည်တွင်းသို့ ပြန်လည်သယ်ဆောင်ရောင်းချခြင်းမပြုတော့ဘဲ မူဆယ်မြို့ လူစည်ကားရာနေရာများ၊ မြန်မာ-တရုတ်နယ်စပ်ဂိတ်ပေါက် များတွင် အချို့သစ်သီးပွဲရုံများက ဖရဲသီးများအခမဲ့ပေးဝေလျက်ရှိနေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/157468

## မတ်ပဲအသစ်ပေါ်ချိန် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအနည်းငယ် အပြောင်းအလဲဖြစ်

မတ်ပဲအသစ်ပေါ်ချိန်တွင် အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားလျော့နည်းသဖြင့် ပြည်တွင်းဈေးကွက်၌ မတ်ပဲဈေးနှုန်း အနည်းငယ်အပြောင်းအလဲရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက အိန္ဒိယပဲကုမ္ပဏီများသို့ မတ်ပဲတင်သွင်းရန် လိုင်စင်ချထားပေးမှုနောက်ကျခြင်း၊ ဆောင်းရာသီတွင် စိုက် ပျိုးသည့် မတ်ပဲအသစ်များ ဈေးကွက်အတွင်းဝင်လာခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းအတက်၊ အကျ အနည်းငယ်ရှိ ကြောင်း ၎င်းကပြောသည်။

ပြည်ပမှ မတ်ပဲတင်သွင်းရန် ဇန်နဝါရီ ၂၀ ရက်တွင် အိန္ဒိယအ စိုးရက ၎င်းတို့နိုင်ငံရှိ ပဲတင်သွင်း သော ကုမ္ပဏီတစ်ခုလျှင် ၁၉၃ တန် တင်သွင်းရန် လိုင်စင်ချပေးခဲ့သည်။ အိန္ဒိယပဲကုမ္ပဏီများက မြန်မာမှမတ်ပဲကို ဖေဖော်ဝါရီလဆန်းအထိ တန်ချိန် အနည်းငယ်သာဝယ်ယူသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သို့ အိန္ဒိယကုန်သည်များ မတ်ပဲဝယ်ချိန်တွင် ဈေးအနည်းငယ်သာ တက်ပြီး အဝယ်ရပ်နားချိန်၌ ဈေးပြန်ကျသည်ဟု ဦးမင်းကိုဦးကဆိုသည်။ “အိန္ဒိယကုန်သည်တွေ တကယ်ဝယ်လာရင် ဈေးက ပြန်လိုက်လာမှာပါ”ဟု ဦးမင်းကိုဦးကပြောသည်။

၂၀၁၉ တွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် အိန္ဒိယနိုင်ငံ၌ မိုးရာသီစိုက်မတ်ပဲ အထွက်နှုန်းလျော့နည်းခဲ့သည်။ ထို့ကြောင့် အိန္ဒိယအစိုးရက ၂၀၁၉ ဇန်နဝါရီ တတိယပတ်တွင် မတ်ပဲတန်ချိန် ၂၀,၀၀၀ ထပ်မံတင်သွင်းရန်ခွဲတမ်းချထားပေးခဲ့သည်။ “အခုချိန်ထိ ပဲဈေးက တောင်သူအတွက် အဆင်ပြေပါတယ်”ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြော သည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးတစ်တန်လျှင် ကျပ် ၁,၀၉၀,၀၀၀ မှ ကျပ် ၁,၁၀၀,၀၀၀ အကြား ဈေးရှိ နေသည်။ အဆိုပါဈေးနှုန်းက ပြီးခဲ့သည့် ဇန်နဝါရီလကုန်ပိုင်းဈေးနှုန်းနှင့်တူညီသည်။ မတ်ပဲဈေး အတက်၊ အကျရှိသော်လည်း အိန္ဒိယက ဝယ်လိုအားအနည်းငယ်သာရှိသော ပဲစင်းငုံသည်တစ်တန်လျှင် ကျပ်၇၄၀,၀၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ကျပ် ၁,၄၅၀,၀၀၀ ရှိသည်။

**Source:** https://7day.news/-177615

## မြန်မာ့လယ်ယာထွက်ပြောင်းဆန်များ ထိုင်းသို့တင်ပို့သည့် ပထမနေ့တွင် ကုန်တင်ယာဉ် ၁၀ စီး ဖမ်းဆီးခံရ



မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များကို ထိုင်းနိုင်ငံဘက်သို့ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ တင်ပို့ခဲ့ရာ သတ်မှတ်ကုန်တန်ချိန်ထက် ပိုမိုတင်ဆောင်လာသော ကုန်တင်ယာဉ် ၁၀ စီးကို ထိုင်းသက်ဆိုင်ရာက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ မြန်မာ့ပြောင်းဆန်များကို အခွန်ကင်းလွတ်ခွင့်နှင့် တင်ပို့နိုင်ရန်အတွက် ပြီးခဲ့သည့် လကပင် စုဆောင်းထားကြခြင်းဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်တွင် အလုံးအရင်းဖြင့် ကုန်တင်ယာဉ် ၅၀ ကျော် တင်ပို့ခဲ့သည့်အနက် ၁၀ စီးမှာ စည်းမျဉ်းစည်းကမ်းမညီညွတ်၍ စစ်ဆေးခြင်းဖြစ်သည်ဟု ဆိုသည်။ အခင်းဖြစ်ရာသို့ ရောက်နေသူ မဲဆောက်မြို့မှ ဖိဂျိုးက “ပြောင်းကားတွေ ဒီနေ့မှ တင်သွင်းခွင့်ရတာလေ။ အစီး ၅၀ လောက်လာတယ်။ အဲဒီမှာမှ ၁၀ စီးက သတ်မှတ်ကုန်ချိန်ထက် ကျော်လွန်လို့ ဖမ်းဆီးစစ်ဆေးတာ။ ကားသမားတွေကလည်း လမ်းမှာရပ်ပြီး ကားမထွက်ဘဲ ဆန္ဒပြတာ တစ်နာရီလောက်ကြာတယ်။ ကားသမား ၁၀ ယောက်ကို မဲဆောက်ရဲစခန်းမှာ အမှုဖွင့်လိုက်တယ်။ အမှုဖွင့်ခံရတဲ့ ယာဉ်မောင်းတွေကတော့ ထိုင်းနိုင်ငံသားတွေပါ။ မြန်မာမပါပါဘူး” ဟုဆိုသည်။

မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များအား ထိုင်းနိုင်ငံဘက်သို့တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်ရရှိခြင်းဖြစ်သည်။ မြန်မာ့ပြောင်းဆန်များမှာ တရုတ်နိုင်ငံဘက်သို့ တင်ပို့ရာတွင် အခွန်နှုန်းမြင့်ထားခြင်းကြောင့် တင်ပို့နိုင်ခြင်းမရှိဘဲ ထိုင်းနိုင်ငံဘက်သို့သာ တင်ပို့ကြသော်လည်း နှစ်စဉ် ဩဂုတ် ၃၁ ရက်နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ပြောင်းထွက်ချိန်နှင့်တိုက်ဆိုင်နေ၍ ထိုင်းအစိုးရက နိုင်ငံသားအကျိုးစီးပွားကိုကာကွယ်သည့်အနေဖြင့် အခွန်နှုန်းမြင့်လိုက်သည့်အတွက် ရပ်ဆိုင်းထားခဲ့ကြရာမှ ယခုမှပြန်လည်တင်ပို့ကြခြင်းဖြစ်သည်။ ယခုအခါ မြဝတီနယ်စပ်သို့ ဧရာဝတီတိုင်းဒေသကြီးဘက်မှ ပြောင်းဆန်ဝင်ရောက်မှုမရှိသေးသော်လည်း ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသောပြောင်းဆန်များကို အများအပြားသိုလှောင်စုဆောင်းထားကာ ထိုင်းနိုင်ငံဘက်သို့ တင်ပို့နေပြီဖြစ်ကြောင်းသိရသည်။

မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များအား ဖေဖော်ဝါရီ ၁ ရက်တွင် တင်ပို့နိုင်ရန် အချိန်တစ်လနီးပါး စုဆောင်းပြင်ဆင်ခဲ့ကြကြောင်းလည်း ပြောင်းလုပ်ငန်းရှင် ကိုမြတ်ထွန်းနိုင်ကပြောကြားသည်။ ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ တင်သွင်းရာတွင် ၁၀၀ ရာခိုင်နှုန်းရှိပြီး မြဝတီဘက်မှ ထိုင်းဘက်သို့တင်ပို့မှုမှာ တစ်ရာခိုင်နှုန်းသာရှိရာမှ ပြောင်းတင်ပို့ခွင့်ရ၍ ပို့ကုန်တင်ပို့မှုမှာ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ ထိုင်းကုန်ပစ္စည်းပေါင်း များစွာတို့ကို မြန်မာနိုင်ငံအတွင်းသို့ နေ့စဉ်ကားအစီးရေ ရာပေါင်းများစွာ တင်သွင်းနေသော်လည်း နိုင်ငံသားအကျိုးစီးပွားအနေဖြင့် မည်သည့်ပစ္စည်းကိုမျှ အခွန်နှုန်းမြင့်တင်ထားခြင်းမရှိကြောင်းသိရသည်။ တရားဝင်တင်သွင်းခွင့်ရသည့် ကုန်စည်များအပြင် တရားဝင်တင်သွင်းခွင့် မရှိသည့် အရက်၊ ဘီယာများ၊ အအေးခဲအသားများ၊ ကြက်၊ ဝက်များနှင့် အိမ်သုံးပစ္စည်းအဟောင်းများ၊ Without Car များကို အလုံးအရင်းဖြင့် တင်သွင်းလျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/157556

## ရန်ကုန်တွင် ဖရဲဈေးကွက်ဖော်ဆောင်ရေး အစိုးရကမြေနေရာသုံးခုပေး



ကိုရိုနာဗိုင်းရပ်စ်ကြောင့် နယ်စပ်ကုန်သွယ်ရေးတွင် ဖရဲဈေးကွက် ရပ်တန့်နေသဖြင့် ရန်ကုန်မြို့၌ လက်လီလက်ကားဈေးကွက်များ ဖော်ဆောင်ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ တရုတ်နိုင်ငံသို့ အဓိကအားပြုနေရသော ဖရဲဈေးကွက်ရပ်တန့်လုနီးအခြေအနေကို အစိုးရထံ တင်ပြပြီးနောက် စားသုံးသူအများဆုံးဖြစ်သည့် ရန်ကုန်ဈေးကွက်သို့ ဦးတည်ရန် အစိုးရကခွင့်ပြုခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

“မနေ့က (ဖေဖော်ဝါရီ ၁ ရက်)အစည်းအဝေးမှာ စီးပွား ကူးသန်းပိုင်မြေနေရာတချို့နဲ့ တခြားနေရာတွေမှာ ဆောင်ရွက်ဖို့ ခွင့်ပြုလိုက်တယ်” ဟု ၎င်းကပြောသည်။ ဖရဲစိုက်တောင်သူငါး သောင်းကျော်အတွက် အခွင့်အလမ်းတစ်ခု ထွက်ပေါ်လာခြင်းဖြစ် ပြီး အားလုံးဝိုင်းဝန်းကူညီရန် ဦးနိုင်ဝင်းကပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းမှုအရ ရန်ကုန်မြို့အတွင်းကားများဖြင့် လှည့်လည် ရောင်းချခြင်း၊ ကန်တော်ကြီးမြေပဒေသာကျွန်းအနီးရှိ ဆင်ဖြူတော်ရှေ့နေရာတွင် ရက်သတ္တပတ်တစ်ခုလုံး စျေးကွက်ဖော်ဆောင်ခြင်း၊ ပုဇွန်တောင်မြို့နယ် စက်ဆန်းရှိ စီးပွားကူးသန်းဌာနပိုင် ဂိုဒေါင်နှင့်ကြက်ဘဲစျေးအနီး စီးပွားကူးသန်းပိုင်မြေနေရာတို့၌ ဖရဲသီးရောင်းချနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ဖရဲ၊ သခွား စျေးကွက်သစ်များကို ဦးဆောင်ပြီး အကောင်အထည် ဖော်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ဖေဖော်ဝါရီ ၂ ရက်၌ ထုတ်ပြန်သည်။ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌဦးစိုင်းမြင့် ဘိုက “ဘယ်လောက်ပဲ ဖရဲတွေဝင်ဝင် တရုတ်ဘက်က ဝယ် လက်တွေဆင်းမလာဘူး။ ဒီမှာပဲလာပုံနေတယ်။ တရုတ်နိုင်ငံရဲ့ အခြေအနေတည်ငြိမ်မှ လာကြဖို့ မေတ္တာရပ်ခံတယ်။ တချို့ဖရဲကားတွေ တက်လာပြီး ကားခတောင် မရကြဘူး” ဟုပြောသည်။ ဆုံးရှုံးမှုပမာဏကို အသေးစိတ် မတွက်ချက်နိုင်သေးကြောင်း၊ ယခင်နှစ်ကာလတူက တစ်ရက်လျှင် ဖရဲကားအစီးရေ ၅၀၀တက်ပါက အားလုံးရောင်းချနိုင်သော်လည်း ယခုအချိန်တွင် ဖရဲကားအစီး ၂၀ ရောင်းချနိုင်ရန်ပင် အလွန်ခက်ခဲနေကြောင်း ၎င်းကပြောသည်။

ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားမီ မူဆယ်နယ်စပ်တွင် ဖရဲသီးကား (၁၂ ဘီးအပြည့်) တစ်စီးလျှင် ကျပ်သိန်း ၆၀ ခန့်ရရှိသော်လည်း လက်ရှိ၌ ကျပ်သိန်း ၂၀ မှ ၃၀ကြားသာ ပေါက်စျေးရှိကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်အသင်းတာဝန်ရှိသူများက ပြောသည်။ ဖရဲ၊ သခွားမွေးစိုက်ပျိုးသည့် တောင်သူများဆုံးရှုံးနစ်နာမှုမဖြစ်စေရေး တရုတ်နိုင်ငံဘက်မှ ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်သည်အထိ စောင့်ဆိုင်းပြီးမှသာတင်ပို့ရန် မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်အသင်းက ဇန်နဝါရီ ၂၇ ရက်တွင်ကြေညာထားသည်။ တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့မှုသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အထိ ဒေါ်လာသန်း ၂၀၀ ကျော်ရရှိခဲ့ကြောင်းသတင်းရရှိသည်။

**Source:** https://7day.news/177595

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ပို့ ကဏန်းစျေးကွက်ရပ်ဆိုင်းပြီး စျေးထက်ဝက်ကျော်ကျဆင်း

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်စည်ရောင်းဝယ်မှုနှေးကွေးသွားပြီး တရုတ်ပို့ဂဏန်းစျေးကွက် ရပ်ဆိုင်းသွားကာ စျေးနှုန်းများ ထက်ဝက်ကျော်ကျဆင်းသွားကြောင်း ရန်ကုန်ကဏန်းစျေးကွက်အတွင်းမှသိရသည်။ တရုတ်လုပ်ငန်းရှင်များသည် ရန်ကုန်မြို့တွင် ကဏန်းဒိုင်များဖွင့်၍ ရန်ကုန်၊ ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့မှ ဂဏန်းများ ဝယ်ယူစုဆောင်းကာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြပြီး တရုတ်နှစ်သစ်ကူးပွဲတော်အပြီးတွင် ကဏန်းတင်ပို့မှုရပ်တန့်သွားကြောင်း ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် ကဏန်းရောင်းဝယ်ရေးလုပ်ကိုင်သူ ဦးမြင့်စန်းကပြောကြားသည်။

တရုတ်သို့ တင်ပို့ခွင့်မရသဖြင့် ဂဏန်းများကို ပြည်တွင်းစားသောက်ဆိုင်များထံ ပြန်လည်ရောင်းချနေရပြီး တရုတ်ပို့စျေးကဏန်းတစ်ကောင်လျှင် (အလေးချိန်အလိုက်) ၁၅,၀၀၀ ကျပ်၊ ၁၆,၀၀၀ ကျပ်စျေးရရှိရာမှ ပြည်တွင်းစျေးကွက်တွင် ကျပ် ၅၀၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချနေရကြောင်း ၎င်းကပြောကြားသည်။ “အရင်တုန်းက အနိမ့်ဆုံးပစ္စည်းတောင်မှ ကျပ်ခြောက်ထောင်လောက် ရောင်းရတယ်။ ဒါတရုတ်ပြည်ကိုပို့မယ့် ရွေးကျတွေကို သူတို့ပြန်ရောင်းတာ။ အခုကျတော့ တရုတ်ကိုပို့မယ့်ပစ္စည်းတွေကို ငါးထောင်၊ ခြောက်ထောင်နဲ့ပြန်ရောင်းနေရတာ။ ရွေးကျကဏန်းတွေက အလကား လွှင့်ပစ်နေရတယ်”ဟု ၎င်းကဆိုသည်။ ကဏန်းတစ်ကောင်လျှင် ၁၀၀ ဂရမ်၊ ၁၃၀ ဂရမ်၊ ၁၆၀ ဂရမ်အလေးချိန်ရှိပြီး အဆိုပါကဏန်းများကို အအေးရိုက်ဖော့ဘူးများဖြင့်ထုပ်ပိုးကာ တရုတ်သို့တင်ပို့ခြင်းဖြစ်ကြောင်း ကဏန်းတင်ပို့သူများထံမှသိရသည်။

ပုံမှန်အားဖြင့် မြန်မာနိုင်ငံမှ တရုတ်စျေးကွက်သို့ နေ့စဉ် ၃၃ ကီလိုဂရမ်ရှိ ကဏန်းဖော့ဘူး ၇၀၀ မှ ၁၅၀၀ ခန့် တင်ပို့နေပြီး ယင်းစျေးကွက်မှာ လုံးဝရပ်ဆိုင်းသွားခြင်းကြောင့် ကဏန်းတင်ပို့သူများ၊ ဒိုင်များ၊ ကဏန်းပွဲစားများနှင့်ကဏန်း

မွေးမြူလုပ်ကိုင်သူများ အဆင့်ဆင့်ဆုံးရှုံးနစ်နာမှုရှိကြောင်း ဦးမြင့်စန်းကပြောကြားသည်။

ကဏန်းအပြင် ခရု၊ ငါးရှဥ့်၊ ငါးလင်ပန်း၊ ကင်းပုဇွန်အစရှိသည့် ရေထွက်ကုန်ပစ္စည်းဈေးကွက်ရပ်ဆိုင်းသွားပြီး မြန်မာနိုင်ငံအောက်ပိုင်း ပင်လယ်ပြင်ငါးဖမ်းစက်လှေများလည်း လုပ်ငန်းရပ်နားမှုရှိကြောင်း ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှသိရသည်။ ထို့အပြင် တရုတ်ပို့ ဖရဲ၊ သခွားနှင့်လယ်ယာထွက်ကုန်တင်ပို့မှုရပ်တန့်သွားကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်များထံမှသိရသည်။

**Source:** https://voicejournalmm.com/archives/23794?fbclid=IwAR1lkBQEaB3Re9bHIv2gs7NTBZfxYjp JJpQn6OViuATGAVbBUPBx9–b8Ci0

## ရောဝတီတိုင်းတွင် ကန်ဒေါ်လာ ၃၂ သန်းကျော်၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ၁၄ ခု ခွင့်ပြုပေးထား

ရောဝတီတိုင်းမှာ ၂၀၁၇ ခုနှစ်ကနေ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းထိ နိုင်ငံခြားသားရင်းနှီး မြှုပ်နှံမှု ၁၄ ခု၊ ဒေါ်လာ ၃၂ သန်းကျော် ခွင့်ပြုပေးထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုကော်မတီကပြောပါတယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလကစတင်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်ထိ ရောဝတီတိုင်း ရင်နှီးမြှုပ်နှံမှုကော်မတီအနေနဲ့ ပြည်တွင်း ပြည်ပ လုပ်ငန်းပေါင်း ၄၂ ခုကို ခွင့်ပြုပေးနိုင်ခဲ့တယ်လို့ ရောဝတီတိုင်း ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဦးသက်ပိုင်က ဒီဗွီဘီကိုပြောပါတယ်။ တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၄ ခု၊ စုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃၂၈ သန်းနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၈ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၈၃၈၈၉ ဒသမ ၆၀၄ သန်းရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၂၅၀၆ ခုကို ဖန်းတီးပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ရောဝတီတိုင်းအတွင်း အထည်ချုပ်လုပ်ငန်း ၁၆ ခုကို တိုင်းအတွင်းမှာရှိတဲ့ မအူပင်၊ ပုသိမ်၊ မြောင်းမြတို့မှာ ဖွင့်လှစ်ထားရှိပြီး ပုသိမ်စက်မှုမြို့တော်ဆိုပြီး စက်မှုဇုန် ၄ ခုကို ဖန်တီးနိုင်ခဲ့တယ်လို့ ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။ ပုသိမ်စက်မှုဇုန်မှာ လုပ်ငန်းပေါင်း ၂၀ ကျော်ပါဝင်မှာဖြစ်ပြီး အထည်ချုပ်လုပ်ငန်း ၁ ခု ထပ်မံခွင့်ပြုပေးထားကာ ညောင်တုန်းနဲ့ ဝါးခယ်မမြို့တွေမှာလည်း စက်မှုဇုန်တွေ ဆက်လက်ဖော်ဆောင်သွားဖို့ရှိတယ်လို့ တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီကသိရပါတယ်။

ရောဝတီတိုင်းမှာ ရန်ကုန်တိုင်းနဲ့နီးစပ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တာကြောင့် ကမ်းခြေတွေရှိတဲ့အတွက် အထည်ချုပ်လုပ်ငန်းများထက်ပိုပြီး ခရီးသွားငန်းဖြစ်တဲ့ ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားမှုပိုများတဲ့အတွက် မကြာမီ ကမ်းခြေပတ်လမ်း ကိုလည်း ဖောက်လုပ်သွားဖို့ရှိတယ်လို့ သိရပါတယ်။ မကြာမီ ဖောက်လုပ်မယ့် ကမ်းခြေပတ်လမ်းမှာ ရောဝတီတိုင်းမှ ရခိုင်ပြည်နယ်၊ ဂွ- သံတွဲမြို့အထိ ကမ်းခြေကတဆင့် သွားရောက်နိုင်မှာဖြစ်တာကြောင့် ကမ်းခြေခရီးသွားလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်တယ်လို့ တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက သုံးသပ်ပြောဆိုပါတယ်။

ရောဝတီတိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုပေးခဲ့တဲ့ မြို့နယ်တွေမှာ ညောင်တုန်းမြို့နယ်မှာ ၄ ခု၊ လပွတ္တာ၊ ဒေးဒရဲ၊ မြန်အောင်၊ ကျောင်းကုန်း၊ ငပုတောမြို့နယ်တွေမှာ ၁ ခုစီနဲ့ ငွေဆောင်ကမ်းခြေမှာ ၈ ခု၊ ချောင်းသာကမ်းခြေမှာ ၃ ခု၊ မအူပင်မြို့နယ်မှာ ၇ ခု၊ ပုသိမ်မြို့နယ်မှာ ၆ ခု၊ မြောင်းမြမြို့နယ်မှာ ၂ ခု၊ ကန်ကြီးထောင့်မြို့နယ်မှာ ၄ ခုနဲ့ ရွှေသောင်ယံကမ်းခြေတွင် ၂ ခုတို့ဖြစ်ကြောင်း တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ အချက်အလက်တွေအရ သိရပါတယ်။

**Source : DVB**

https://news.ydnp.net/328036/

## မြန်မာတစ်နိုင်ငံလုံးရှိ စက်မှုဇုန်များနှင့် စီးပွားရေးလုပ်ငန်းများဖြင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့သစ်ထူထောင်

မြန်မာ တစ်နိုင်ငံလုံးရှိ စက်မှုဇုန်များ နှင့် စီးပွားရေး လုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ စက်မှုဇုန် နှင့် စီးပွားရေးလုပ်ငန်းများ အသင်း (MIBA) စတင်ထူထောင်ခြင်း ဖွင့်ပွဲ အခမ်းအနား ကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်း တွင် ရန်ကုန်မြို့ Sky Star ဟိုတယ် ၌ ကျင်းပ ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူ အသီးသီး တို့ တက်ရောက် ခဲ့ကြသည်။

MIBA နာယက ၊ မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အဖွဲ့ဝင် ဦးအေးလွင် က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ထူထောင်လိုက်သည့် အသင်း သည် မြန်မာ တစ်နိုင်ငံလုံး အသိုင်းအဝိုင်းတာရှိ စက်ရုံပိုင်ရှင် နှင့် စီးပွားရေး လုပ်ငန်းရှင်များ ဖြင့် ဖွဲ့စည်းထားသည့် အသင်းတစ်သင်း ဖြစ်ကြောင်း ၊ ယနေ့ မှ စ၍ မြန်မာ နိုင်ငံ ရှိ စက်မှုဇုန်များ အကြား ပူးပေါင်းဆောင်ရွက်မှု များပြုလုပ်၍ တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း ၊ တရုတ် နိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်မည့် ရပ်ဝန်း နှင့် ပိုးလမ်းမ ဖော်ဆောင်မှု က မြန်မာ နိုင်ငံ အတွက် လွန်စွာ ကောင်းမွန်သည့် အခွင့်အလမ်း များ ရရှိစေမည် ဖြစ်သည့် အတွက် အသင်း အဖွဲ့ဝင်များ အနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

MIBA ဖြစ်မြောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးကိုကြီး က နှုတ်ခွန်းဆက် အမှာစကား ပြောကြား ရာတွင် စက်မှုဇုန် အသီးသီး ရှိ အခက်အခဲများ အား ဖြေရှင်း နိုင်ရန် အတွက် ယခု အသင်း အား ဖွဲ့စည်း ခဲ့ခြင်း ဖြစ်ကြောင်း ၊ MIBA အနေဖြင့် မြန်မာ နိုင်ငံ တိုင်း နှင့် ပြည်နယ် ၁၄ ခု ရှိ စက်မှုဇုန် များအား စုစည်း ၍ အတူတကွ လက်တွဲကာ အခက်အခဲများ အား ဖြေရှင်းပေးခြင်း ၊ နည်းပညာများ ပံ့ပိုးခြင်း ၊ ပြည်ထောင်စု အဆင့် တိုင်းဒေသကြီး အစိုးရ နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားရန် အစီအစဉ် များအား ချမှတ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ကာ လုပ်သားပြည်သူများ ၏ လူနေမှု အဆင့်အတန်း ကို မြှင့်တင်ပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

MIBA ဖြစ်မြောက်ရေး ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းနိုင် က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားရာတွင် မြန်မာ နိုင်ငံ ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အရ MIBA အသင်း အား ထူထောင် ခဲ့ခြင်း ဖြစ်ကြောင်း ၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ မြန်မာ နိုင်ငံ သို့ အရှိန်အဟုန် မြင့်စွာ ဝင်ရောက် လာချိန်တွင် မိမိ တို့ အနေဖြင့် လက်ခံနိုင်ပြီး တိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေ တွင် ရှိရန် လိုအပ်ကြောင်း ပြောကြား ခဲ့သည်။မြန်မာနိုင်ငံ စက်မှုဇုန် နှင့် စီးပွားရေး လုပ်ငန်းများ အသင်း (MIBA) စတင်ထူထောင်ခြင်း အခမ်းအနား တွင် MIBA နှင့် အခြားအသင်းအဖွဲ့ များ အကြား နားလည်မှု စာချွန်လွှာ အသီးအသီး ကိုလည်း လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရှိရသည်။

**Source: Xinhua Myanmar**

https://news.ydnp.net/327919/

## ကိုရီးယားနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်ဆွေးနွေး

မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ဇန်နဝါရီလနောက်ဆုံးအပတ်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။ မြန်မာနိုင်ငံအခြေစိုက် Korean Chamber of Commerce (KOCHAM) မှ ဥက္ကဋ္ဌ Mr.Park Jeong-Hwan ၊ ဒုတိယဥက္ကဋ္ဌ ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင် ၂ ဦးတို့သည် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် KOCHAM တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် အသင်းချုပ်တာဝန်ရှိသူများထံ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးကဏ္ဍ ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍ ၊ အလှကုန်လုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် ကိုရီးယားလုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ၊ အခက်အခဲများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ KOCHAM ဥက္ကဋ္ဌ Mr.Park Jeong-Hwan က KOCHAM အသင်းဝင် ကိုရီးယားလုပ်ငန်းရှင်များကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်က ပံ့ပိုးကူညီပေးရန် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား ပြောကြားခဲ့သည်။ အစည်းအဝေးသို့ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများဖြစ်သည့် ဒေါက်တာဝင်းစည်သူ ၊ ဦးအေးထွန်း ၊ ဒေါ်ခိုင်ခိုင်နွယ်နှင့် အမှုဆောင်အရာရှိချုပ်ဦးတင့်ဆွေတို့ တက်ရောက်ခဲ့ကြသည်။

**Source : The Voice**

https://news.ydnp.net/327896/

## ကမ္ဘာ့ ကုန်စည်ဈေးကွက်အပေါ် ရိုက်ခတ်လာသော တရုတ်၊ ဝူဟန်ဗိုင်းရပ်စ်

ဝူဟန်ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပျံ့နှံ့လာခြင်းကြောင့် ရေနံအစ ပဲပုပ်သီးနှံအဆုံး ကုန်စည်အားလုံးကို တရုတ်က အဝယ်နည်း သွားမည့်အပေါ် စိုးရိမ်ရသဖြင့် နိုင်ငံတကာကုန်စည်ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံလိုသူ နည်းလာပြီး ဈေးနှုန်း များလည်း ကျဆင်းလျက်ရှိသည်။ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေတိုးလာပြီး ဈေးနှုန်းများလည်း ကျဆင်း လာသည့်အတွက် တရုတ်တို့အနေဖြင့် ကမ္ဘာအနှံ့ကူးစက်နေသော ယင်းဗိုင်းရပ်စ်ပိုးကို ထိန်းချုပ်ရန် နှစ်သစ်ကူးပိတ်ရက်ကို ထပ်တိုးရဖွယ် ရှိနေသည်။ ထို့အတူ ရောဂါပိုးကြောင့် စီးပွားရေးပါထိခိုက်လာမည်ကိုစိုးရိမ်ရသဖြင့် စွမ်းအင်လောင်စာ၊ သတ္တုကုန်ကြမ်းနှင့် ကောက်ပဲသီးနှံများ၏ ကြိုရောင်းကြိုဝယ်ဈေးနှုန်းများကျလာသည်။ သို့သော် အာမခံဖြစ်သော ရွှေဈေးနှုန်းက မြင့်တက် လာသည်။

ထုံးစံအရ ကမ္ဘာ့အကြီးဆုံး စားသုံးသူဈေးကွက် ဖြစ်သော တရုတ်နိုင်ငံ၏ ကုန်စည်ဝယ်လိုအားသည် နှစ်ကူးပြီး ကာလတွင် ပြန်အရှိန်ရလာတတ်သော်လည်း ယခုအခါတွင်မူ ဗိုင်းရပ်စ်ပိုးပြဿနာကြောင့် အခြေအနေတစ်မျိုး ပြောင်းသွားသည်။ "ရှိသမျှအားလုံး အရောင်းဘက်လှည့်ရပါမယ်။ ဗိုင်းရပ်စ်ပိုး ပျံ့နှံ့လာတာနဲ့အမျှ ပြည်တွင်းစားသုံးသူ ဈေးကွက် ထိုးကျသွားပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ပိတ်ရက်အပြီးမှာ အထနေးနေပါလိမ့်မယ်" ဟု Shanghai Minghong Investment Management မှ မန်နေဂျာတစ်ဦးဖြစ်သူ Jia Zheng က ပြောသည်။

စွမ်းအင်ကဏ္ဍဘက်ကို ကြည့်ပါက နှေးကွေးလာသည့် စက်မှုနှင့် ခရီးသွားလုပ်ငန်းများကြောင့် ဝယ်လိုအား နည်းမည်ဟု ခန့်မှန်းကြသော ရေနံစိမ်းဈေးသည် ၂၀၁၉၊ ဇွန်လနောက်ပိုင်း သီတင်းပတ်အလိုက် အကြာဆုံးကျဆင်းမှုဖြစ်နေသည်။ ကြေးနီကဲ့သို့သော စက်မှုလုပ်ငန်းသုံး သတ္တုကြမ်းဈေးနှုန်းများမှာလည်း အလားတူကျဆင်းမှုမျိုး ဖြစ်ပေါ်နေသည်။

ခရီးအသွားအလာ ကန့်သတ်ခြင်းနှင့် ပြင်ပစားသောက်ဆိုင်များတွင် ထွက်မစားလိုခြင်းတို့ကြောင့် တရုတ်၏ စားသုံးမှု ဝယ်လိုအားလည်း လျော့နည်းလာဖွယ်ရှိသည်။ အစောပိုင်းကတည်းက ဝက်တုပ်ကွေးပိုးကြောင့် အထိနာနေသော တိရစ္ဆာန်အစာဈေးကွက်သည် ယခု ဝူဟန်ဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် မိအေးနှစ်ခါနာမည့်သဘောဖြစ်နေသည်။ ကမ္ဘာ့ကောက်ပဲသီးနှံဒိုင်ကြီး တစ်ခုဖြစ်သော အမေရိကန်၊ ချီကာဂိုတွင် ပဲပုပ်၊ ပြောင်း၊ ဂျုံ စသည့် သီးနှံ မျိုးစုံနှင့် အခြားဈေးကွက်များတွင် သကြား၊ ကော်ဖီ၊ ရော်ဘာဈေးနှုန်းများ ကျဆင်းလာကြောင်းတွေ့ရသည်။

**Source: Bloomberg**

https://www.facebook.com/gromaxxmyanmar/posts/470170790342897?__tn__=K-R

## ထိုင်းဘဏ်အနေဖြင့် ပထမ(၃)လပတ်အတွင်း စီးပွားရေးတိုးတက်မှု အားနည်းမည်ဟုမျှော်လင့်

ကိုရိုနာဗိုင်းရပ်စ်အသစ်ပြန့်ပွားမှုနှင့် ၂၀၂၀ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဥပဒေကြမ်းနှောင့် နှေးမှုတို့က စီးပွားရေးကိုန ဖြစ်ကြောင်း၊ ၎င်းမှာ ပထမ(၃)လပတ်နှင့်တစ်နှစ် ပတ်လုံးမျှော်မှန်းထားသည်ထက်ပိုမို နှေးကွေးသောနှုန်းဖြင့် တိုးတက် လာစေမည်ဖြစ်ကြောင်း နှင့်လာမည့်အပတ်အစည်းအဝေးတွင်အတိုးနှုန်းလျှော့ချနိုင်မည့်အလားအလာရှိနေကြောင်းဗဟိုဘဏ်မှ အရာရှိတစ်ဦးကပြောကြားခဲ့ပါသည်။ ထိုင်းဘဏ်မှ စီးပွားရေးနှင့်မူဝါဒရေးရာ အကြီးတန်းညွှန်ကြားရေးမှူး Don Nakornthab က မတ်လအထိ (၃)လပတ် စီးပွားရေးတိုးတက်မှုနှေးကွေးမည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့ပါသည်။ ဗဟိုဘဏ်အနေဖြင့် မတ်လအထိ (၃)လပတ် စီးပွားရေးတိုးတက်မှုအား(၂%) အထက် တွင်ရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ၂၀၂၀ခုနှစ်အတွက် (၂.၈%) ရှိလိမ့်မည်ဟု ခန့်မှန်းထားခဲ့ပါသည်။

၎င်းက ဆက်လက်၍ ထိုင်းဘဏ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုအား ပထမ(၃)လပတ်အတွင်း အတော် များများလျော့ကျသွားမည်ဟု ကြိုတင်ခန့်မှန်းထားပြီး ထိုကာလအတွက် ခရီးသွားဝင်ရောက်မှု ကျဆင်းသွားနိုင် သည်ဟု ပြောကြားထားပါသည်။ တရုတ်ခရီးသွားများအနေဖြင့် (၃)လပတ်တစ်ခုအတွက် ပျှမ်းမျှအားဖြင့်(၃)သန်းခန့်လာရောက်ကြ ကြောင်း၊ ၎င်းတို့အနက် (၁)သန်းမှ (၂)သန်းအထိမှ ပထမ(၃)လပတ်အတွင်း ကျဆင်းသွားနိုင်ကြောင်း Mr. Don က ပြောကြားခဲ့ ပါသည်။၂၀၁၉ခုနှစ် ပထမ(၃)လပတ်တွင် နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုမှာ နှစ်အလိုက် တွင်(၂.၁%)ကျော်

တိုးတက်ခဲ့ပါသည်။ အကယ်၍ဗိုင်းရပ်စ်ပြန့်ပွားမှုကို(၂) လအတွင်း ထိန်းချုပ်နိုင်မည်ဆိုပါက အခြေအနေသည် တဖြည်းဖြည်း တိုးတက်လာလိမ့်မည်ဟုMr. Don ကပြောကြားခဲ့ပါသည်။ ၎င်းက ဘတ်ဂျက်ခွဲဝေမှုနှောင့်နှေးခြင်းကလည်း စီးပွားရေး အပေါ် နောက်ထပ်ခြိမ်းခြောက်မှုတစ်ခုဖြစ်နေကြောင်း ၎င်းကအစိုးရနှင့် ပုဂ္ဂလိက နှစ်ရပ်စလုံး၏ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ အတွက် ခြိမ်းခြောက်မှုဖြစ်နေကြောင်းပြောကြားခဲ့ပါသည်။

၂၀၂၀ခုနှစ် ဘတ်ဂျက်အားဧပြီလတွင်စတင်နိုင်မည်ဆိုပါက နှောင့်နှေးကြန့်ကြာမှုသည် စီးပွားရေးကို အကြီးအကျယ် ထိခိုက်စေမှာမဟုတ်ကြောင်း၊ ၂၀၁၉ခုနှစ်စတုတ္ထ(၃)လပတ်တွင် စီးပွားရေးမှာ ဆက်လက်ကျဆင်းခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ ပါသည်။

ပြည်ပသို့ ကုန်စည်တင်ပို့မှု ဆက်လက်ကျဆင်းနေမှုက ပြည်တွင်းစီးပွားရေးလှုပ်ရှားမှုကို ပိုမိုသိသာစွာ ထိခိုက် စေကြောင်း၊ ပုဂ္ဂလိက စားသုံးမှု အညွှန်းကိန်းသည် အစိုးရ၏ စီးပွားရေးကို လှုံ့ဆော်သည့်အစီအမံများမှအထောက်အပံ့များ ရရှိထားပါသော်လည်း လယ်ယာမဟုတ်သော ဝင်ငွေနှင့် စားသုံးသူများ၏ ယုံကြည်မှု လျော့နည်းသွားခြင်းတို့နှင့်အညီ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက လျော့နည်းသွားပါသည်။ ယမန်နှစ် နောက်ဆုံး(၃)လပတ်တွင် ခရီးသွားကဏ္ဍအနေဖြင့် ဆက်လက်ကောင်းမွန်နေခဲ့ပါသည်။ အကြောင်းမှာ ၂၀၁၈ခုနှစ်နှောင်းပိုင်းတွင် ဖူးခက်၌ဖြစ်ပွားခဲ့သောဆိုးဝါးလှသည့် ခရီးသွားလှေ မတော်တဆဖြစ်မှုကြောင့် ပေါ်ပေါက်လာသောအကျိုးဆက်ကြောင့်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် စတုတ္ထ(၃)လပတ်နှင့်၂၀၁၉ခုနှစ် တစ်နှစ်လုံး အတွက် အနေဖြင့် ဗဟိုဘဏ်၏ခန့်မှန်းချက်ဖြစ်သော (၂.၅%) ထက်နိမ့်ကျနိုင်သည်ဟု Mr. Don က ပြောကြားခဲ့ ပါသည်။ ၂၀၁၉ခုနှစ် ဒီဇင်ဘာ လတွင် စီးပွားရေးမှာ အနည်းငယ်တိုးတက်မှုရှိခဲ့ပါသည်။ ကုန်စည်တင်ပို့မှုတန်ဖိုး၊ ထုတ်လုပ်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ညွှန်းကိန်းများနှင့် အများပြည်သူစားသုံးမှု အသုံးစရိတ်များ အနည်းငယ်ကျဆင်းခဲ့ပါသည်။ ဒီဇင်ဘာလတွင်ပုဂ္ဂလိက စားသုံးမှု အညွှန်းကိန်း သည် ယခင်လနီးပါးဖြစ်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှာ အနည်းငယ်နှေးကွေးခဲ့ပါသည်။

ဘဏ္ဍာရေးမူဝါဒတစ်ခုတည်းဖြင့်စီးပွားရေးတိုးတက်မှုကို တွန်းအားမပေးနိုင်သောကြောင့် ငွေကြေးမူဝါဒသည် စီးပွားရေးကိုမြှင့်တင်ရန် အဓိကအခန်းကဏ္ဍမှပါဝင်ရမည်ဖြစ်ကြောင်း Kasikorn သုတေသနစင်တာမှ မှတ်ချက်ပြု ပြောကြားခဲ့ ပါသည်။ ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းအားလက်ရှိစံချိန်တင် အနိမ့်ဆုံးနှုန်း(၁.၂၅%)မှ အနည်းဆုံး(၀.၂၅)မှတ် လျှော့ချမည်ဟု မျှော်လင့်ရကြောင်း သုတေသနစင်တာမှပြောကြားခဲ့ပါသည်။

**Source: Bangk Post**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဗန်ကောက်မြို့

## ခရီးသွားလုပ်ငန်းများအတွက် အရေးပေါ်အထောက်အပံ့

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ထိခိုက်ရသည့်ခရီးသွားလုပ်ငန်းအတွက် အရေးပေါ် အကူအညီပေးရေး အစီအမံကို သောကြာနေ့က စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ အစီအမံတွင် နိုင်ငံပိုင်ဘဏ်များ အပါအဝင် Krungthai Bank၊ အစိုးရငွေစုဘဏ်၊ လယ်ယာနှင့်လယ်ယာနှင့်လယ်ယာသမဝါယမဘဏ်တို့မှ အတိုးနှုန်း နည်းပါး သည့် ချေးငွေအစီအစဉ် နှင့် အခြေခံမှု၊ (၆)လစာ အတိုးနှုန်းဆိုင်းငံ့မှု အစီအစဉ် တို့ပါဝင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဂျက်လေယာဉ်လောင်စာဆီအခွန်ကို လျှော့ချပေးလိမ့်မည်ဖြစ်ကြောင်း၊ ခရီးသွား လုပ်ငန်းလုပ်ကိုင်သူများအတွက် (၆)လစာ ဝင်ငွေခွန် ဆိုင်းငံ့ခြင်းနှင့် ပို့ဆောင်ရေးဌာနအနေဖြင့် လေယာဉ်ဆင်းသက်ခများကို လျှော့ချပေးမည်ဖြစ်ပါသည်။ အဆိုပါ အစီအမံများကို နောက်တစ်ပတ်အင်္ဂါနေ့တွင် အစိုးရအဖွဲ့သို့ နောက်ဆုံး အတည်ပြုချက် အတွက်တင်ပြလိမ့်မည်ဖြစ်ပါသည်။

ဂျက်လေယဉ်ဆီအပေါ်အထူးကုန်စည်ခွန်လျှော့ချရေးအတွက်အား ပြည်တွင်းလေကြောင်းလိုင်းများအတွက် ကာလ တစ်ခုသတ်မှတ်၍ခွင့်ပြုသင့်ကြောင်း အထူးကုန်စည်ခွန်ဌာနမှ ညွှန်ကြားရေးမှူးချုပ် Patchara Anuntasilpa ကပြောကြားခဲ့ ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ယခုလုပ်ဆောင်မှုသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ကြောင့် ထိုင်းပြည်၏ခရီးသွား ကဏ္ဍ အပေါ် အထောက်အကူဖြစ်မည်ဟု ယူဆစဉ်းစားပါက လေယာဉ်လောင်စာ၏ဆီ အခွန်လျှော့ချခြင်းကို ဌာနအနေဖြင့်

ကန့်ကွက်မည်မဟုတ်ပါ။ လေယာဉ်လောင်စာဆီအခွန်လျှော့ချခြင်းသည်ဌာန၏ အခွန်ဘဏ္ဍာဝင်ငွေကို ထိခိုက်လိမ့်မည် မဟုတ်သကဲ့သို့ ၎င်းသည်တစ်နှစ်လျှင် ဘတ်ငွေ(၂)ဘီလီယံမျှသာရှိကြောင်း Mr.Patcharaကပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ်၏ နိုင်ငံရေးရာဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် kobsak Pootrakool က အစိုးရအနေဖြင့် နီးနော ဖလှယ်ပွဲများပြုလုပ်ခြင်းဆိုင်ရာကုန်ကျစရိတ်များကို ကုမ္ပဏီ၏ဝင်ငွေမှ နုတ်ပယ်ခွင့်ကဲ့သို့သော ပြည်တွင်းခရီးသွားလုပ်ငန်း အတွက် အားပေးမြှင့်တင်မည့် အခြားသော အစီအမံများကို လည်းစဉ်းစားနေကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရဌာနများနှင့် နိုင်ငံပိုင် စီးပွားရေး vbလုပ်ငန်းများအနေဖြင့် မိမိတို့ဌာနတွင်း၌ ဆွေးနွေးပွဲများပိုမိုပြုလုပ်ရန်လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့ ပါသည်။ အခြားအစီအမံများ၏ အသေးစိတ်အချက်အလက်များအားလုံးကို အင်္ဂါနေ့တွင်ကျင်းပမည့် အစိုးရအဖွဲ့အစည်း အဝေးတွင် အပြီးသတ်ဆုံးဖြတ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ ခရီးသွားအာဏာပိုင် အဖွဲ့၏ အုပ်ချုပ်ရေးမှူး yuthasak Suprasorn က ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုသည် ဇန်နဝါရီလမှ ဧပြီလအထိ တရုတ်ခရီးသွား ၉၁သည်(၈၀%)၊ အရေအတွက်အားဖြင့် (၂.၃၂)သန်းခန့် ကျဆင်းသွားနိုင်ကြောင်း နှင့်ဝင်ငွေအားဖြင့် ဘတ်ငွေ(၉၈) ဘီလီယံခန့်ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် ဌာနအနေဖြင့် ယခုနှစ်အတွက် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုအား (၄၁.၈)သန်းခန့်ဝင်ရောက်ရန်၊ ဝင်ငွေအားဖြင့် ဘတ်ငွေ(၂.၂၂) ထရီလီယံရရှိရန် ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနအနေဖြင့် တရုတ်ဈေးကွက်အစား အာဆီယံအပါအဝင် တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ရုရှား၊ ယူကရိန်း၊ အရှေ့ဥရောပ၊ အမေရိကန်နှင့် မက္ကဆီကို ဆေးကွက်များသို့ရွှေ့ပြောင်း ရရှိရန်ဆောင်ရွက် သွားမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

Mr. Yuthasak ကပြောကြားရာတွင် စီးပွားရေးဆိုင်ရာဝန်ကြီးများအဖွဲ့က ခရီးသွားလုပ်ငန်းအထောက် အကူပြုစင်တာ အား တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့် One-stop service unit အဖြစ်မြှင့်တင်ဆောင်ရွက်ရန်၊ သေစေနိုင်သော ဗိုင်းရပ်စ်ပိုးကြောင့်တိုင်းပြည်၏ခရီးသွားကဏ္ဍအပေါ်ထိခိုက်သက်ရောက်မှုများအားစောင့်ကြည့်လေ့လာဆောင်ရွက်ရန်တာဝန် ကိုလည်းဆောင်ရွက်သွားရန်ယမန်နေ့ (၃၁.၁.၂၀၂၀ရက်နေ့) က သဘောတူခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းက စီးပွားရေးဆိုင်ရာဝန်ကြီးများအဖွဲ့က ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ်များနှင့်ဒုတိယအဆင့်ခရီးသွား ပြည်နယ်များသို့သွားရောက်ရန် စင်းလုံး၌းလေယဉ်ဆိုင်ရာ အတားအဆီးများကိုကိုင်တွယ် ဆောင်ရွက် ရန်အတွက် ခရီးသွားလာမှု လွယ်ကူစေရေး ကော်မတီဖွဲ့စည်းမှုကိုလည်း ခွင့်ပြုပေးခဲ့ ကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအနေ၏ စီးပွားရေးတိုးတက်မှုအလားအလာကို အဓိက အန္တရာယ်ကြီး(၄)ခုက လျှော့ချ လိမ့်မည်ဖြစ်ကြောင်း၊ အဓိကမှာ ၂၀၂၀ခုနှစ်ဘတ်ဂျက်ခွဲဝေမှုနှောင့်နှေးခြင်း၊ တစ်နိုင်ငံလုံး တိုင်းအတာဖြင့်မိုးခေါင်မှု၊ ကိုရိုနာ ဗိုင်းရပ်စ်ပြန့်နှံမှု နှင့် ပြန့်ကျဲနေသောစီးပွားရေးတို့ကြောင့်ဖြစ်ပါသည်။

နိုဝင်ဘာလတွင်အမျိုးသားစီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီသည် ၂၀၂၀ ခုနှစ်အတွက် စီးပွားရေးတိုးတက် မှုအား(၂.၇%-၃.၇%)ရှိလိမ့်မည်ဟုခန့်မှန်းခဲ့ပါသည်။ အစိုးရစီမံကိန်းဌာနအနေဖြင့် ပြီးခဲ့သည့်နှစ် စတုတ္ထ (၃)လပတ်အတွက် စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် စီမံကိန်းအသစ်များအား ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် တင်ပြရန်ပြင်ဆင်ထား ပါသည်။

**Source: Bangk Post ,** စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဗန်ကောက်မြို့

# STOCK EXCHANGE (3.2.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 3rd Feb. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 670 | 7,705,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 7,408 | 29,559,100 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,400 | 8,400 | 8,200 | 22 | 184,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,500 | 23,000 | 506 | 11,639,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,950 | 2,850 | 1,844 | 5,262,900 | 12,823,224 | 36,546 |

## Market summary

As of 3rd Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.50 | -2.94 | -0.62% | 473.44 | 475.28 | 470.50 | 10,450 | 54,350,700 | 5 | 644,258 |

### Index chart




## Market Overview

As of 1:00 pm, 3rd Feb. 2020

| MYANPIX | 470.50 ▼ 2.94 |
|---|---|
| Total Volume (shares) | 10,450 |
| Total Value (MMK) | 54 mil |
| Listed Company | 5 |
| Market Cap. (MMK) | 644,258 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,950 | ▼ 50 |
| MCB | 00003 | 8,200 | ▼ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |